ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

**ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့်စရိတ်များဆိုင်ရာဥပဒေ**

( နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၆ /၂၀၁၁ )

၁၃၇၂ ခုနှစ်၊ ပြာသိုလဆန်း ၆ ရက်

( ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက် )

## နိဒါန်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၃ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ အကောင်အထည်ဖော်ရေးအတွက် ကြိုတင်ဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းရပ်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးရန် ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများကို ချောမွေ့စွာ ဆောင်ရွက်နိုင်ရန် လည်းကောင်း၊ လွှတ်တော် အသီးသီး ပေါ်ပေါက်လာသည့်အခါတွင် ဆောင်ရွက်ရန်ရှိသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လည်းကောင်း၊ ကြိုတင်ဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရန်လည်းကောင်း သက်ဆိုင်ရာဥပဒေများကိုပြဋ္ဌာန်းရန် လိုအပ်လာပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုသမ္မတ မြန်မာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များမှ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များအား နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို သယ်ပိုးထမ်းဆောင် ကြရသည့် လုပ်ငန်းတာဝန်နှင့် လျော်ညီသော ချီးမြှင့်ငွေနှင့်စရိတ်များ ချီးမြှင့်နိုင်ရန် အလို့ငှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၃ နှင့် အညီ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဦးစီး အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆိုသည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်ဆိုသည်မှာ ဤဥပဒေအလို့ငှာ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေတို့အရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တို့ကို ဆိုသည်။

(ဂ) ဦးစီးအဖွဲ့ဝင် ဆိုသည်မှာ ဤဥပဒေအလို့ငှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၇၆၊ ပုဒ်မခွဲ (ဃ)တွင် ပါဝင်သော ပုဂ္ဂိုလ်များအနက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် ကော်မတီဝင် မဟုတ်သော အောက်ပါဦးစီးအဖွဲ့ဝင်များကိုဆိုသည်-

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက် တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ် ဦးစီးအဖွဲ့ဝင်များ၊

(၂) ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖြည့်စွက်တာဝန်ပေးအပ်သော တပ်မတော်သား ဦးစီးအဖွဲ့ဝင်များ၊

(၃) ကုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နေထိုင်ကြသည့် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရရှိပြီးသောတိုင်းရင်းသားလူမျိုးများမှအပ ကျန်တိုင်းရင်းသားလူမျိုးများအနက် လူဦးရေ ၁၀၀၀၀ နှင့်အထက် ရှိသည့်တိုင်းရင်းသားလူမျိုးကိုယ်စားလှယ် ဦးစီးအဖွဲ့ဝင်များ၊

(၄) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တွင် အဖွဲ့ဝင်ဦးရေ ၁၀ ဦး မပြည့်သဖြင့် ရွေးချယ်ဖြည့်စွက် ခန့်ထားသည့် ဦးစီးအဖွဲ့ဝင်များ။

(ဃ) ချီးမြှင့်ငွေ ဆိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဦးစီးအဖွဲ့ဝင်များ ခံစားခွင့်ရှိသည့် ဤဥပဒေတွင်သတ်မှတ်သော လစဉ်ချီးမြှင့်ငွေကို ဆိုသည်။

(င) စရိတ် ဆိုသည်မှာ လွှတ်တော် ကိုယ်စားလှယ်များနှင့် ဦးစီးအဖွဲ့ဝင်များတာဝန်အရ ခရီးသွားလာခြင်း၊ ခရီးသွားလာစဉ် ရပ်နားခြင်း၊ တည်းခိုနေထိုင်ခြင်း နှင့်စားသောက်ခြင်းများအတွက် ခံစားခွင့်ရှိသည့် ဤဥပဒေတွင် သတ်မှတ်သော စရိတ်ငွေတို့ကို ဆိုသည်။

## အခန်း(၂)
## ချီးမြှင့်ငွေ

၃။ (က) ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲ ဥပဒေတို့အရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းလွှတ်တော်နှစ်ရပ်သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် လစဉ်ချီးမြှင့်ငွေ ကျပ်သုံးသိန်း ခံစားခွင့်ရှိသည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေအရ ရွေးကောက်တင်မြှောက်ခြင်းခံရသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ယင်းလွှတ်တော်သို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဥပဒေနှင့်အညီ အမည်စာရင်း တင်သွင်းသည့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များသည် လစဉ်ချီးမြှင့်ငွေ ကျပ်နှစ်သိန်း ခံစားခွင့်ရှိသည်။

(ဂ) ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၁) ပါ ဦးစီးအဖွဲ့ဝင်များသည် လစဉ်ချီးမြှင့်ငွေ ကျပ်နှစ်သိန်း ခံစားခွင့်ရှိသည်။

(ဃ) ပုဒ်မ ၂၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ်(၂)၊ (၃) နှင့် (၄)တို့ပါ ဦးစီးအဖွဲ့ဝင်များသည် လစဉ်ချီးမြှင့်ငွေ ကျပ်တစ်သိန်း ခံစားခွင့်ရှိသည်။

၄။ ပုဒ်မ ၃ ပါ ပုဂ္ဂိုလ်များအနက် တပ်မတော်သားဖြစ်သော ပုဂ္ဂိုလ်များသည် မိမိနှင့် သက်ဆိုင်သည့် လစဉ်ချီးမြှင့်ငွေနှင့် တပ်မတော်သားအဖြစ် ခံစားခွင့်ရှိသည့် လစာတို့ အနက် မိမိနှစ်သက်ရာ ချီးမြှင့်ငွေ သို့မဟုတ် လစာတစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။

၅။ လွှတ်တော် ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် ဤဥပဒေပါ လစဉ်ချီးမြှင့်ငွေ ခံစားနေစဉ်အတွင်း နိုင်ငံ့ဝန်ထမ်း အငြိမ်းစားလစာကိုပါ ခံစားခွင့်ရှိသည်။ သို့ရာတွင် နိုင်ငံရေး ပင်စင်ခံစားခွင့်ရရှိထားသူများသည် ဤကာလအတွင်းအဆိုပါ နိုင်ငံရေးပင်စင်ကို ခံစားခွင့် မရှိစေရ။

## အခန်း(၃)
## စရိတ်

### တည်းခိုနေထိုင်စရိတ်နှင့် အခြားအသုံးစရိတ်

၆။ လွှတ်တော် ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် တာဝန်အရ ခရီးသွားလာရခြင်း အတွက် နိုင်ငံတော်က အခမဲ့ တည်းခိုနေထိုင်ရန် စီစဉ်ပေးနိုင်ခြင်းမရှိပါက တစ်ရက်လျှင် တည်းခိုနေထိုင်စရိတ် ကျပ်၂၀၀၀ နှင့် အခြားအသုံးစရိတ် ကျပ် ၃၀၀၀ ခံစားခွင့်ရှိသည်။

၇။ လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် အစည်းအဝေး တက်ရောက်ရသည့် ကိစ္စဖြစ်ပါကအဆိုပါ အစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ တည်းခို နေထိုင်စရိတ်

ခံစားခွင့်ရှိသည်။သို့ရာတွင် ယင်းပုဂ်္ဂိုလ်များသည် အစည်းအဝေးကျင်းပရာ အရပ်တွင်နေထိုင်ပါက တည်းခိုနေထိုင်စရိတ် ခံစားခွင့်မရှိစေရ။

**စားသောက်စရိတ်**

၈။ လွှတ်တော်ကိုယ်စားလှယ် နှင့် ဦးစီးအဖွဲ့ဝင်များသည် တာဝန်အရ ခရီးသွားလာရခြင်း အတွက် စားသောက်စရိတ်ကို တစ်ရက်လျှင် ကျပ် ၅၀၀၀ ခံစားခွင့်ရှိသည်။

၉။ လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် အစည်းအဝေးတက်ရောက်ရသည့် ကိစ္စဖြစ်ပါက အဆိုပါအစည်းအဝေးကျင်းပသည့် သတ်မှတ်ကာလအတွက်သာ စားသောက်စရိတ် ခံစားခွင့်ရှိသည်။

**ခရီးစရိတ်**

၁၀။ လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် တာဝန်အရ ခရီးသွားလာရာတွင် -

(က) ခရီးစဉ် တစ်ခုအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့်နှုန်းများ အတိုင်းခရီးစရိတ်ခံစားခွင့်ရှိသည်။

(ခ) အစည်းအဝေးကိစ္စအတွက်ဖြစ်လျှင် တည်းခိုသည့်နေရာမှ အစည်းအဝေး ကျင်းပရာနေရာသို့ သွားလာရခြင်းအတွက်ကိုမူ ပုဒ်မ ၆ ပါ အခြားအသုံးစရိတ်မှ ကျခံသုံးစွဲရန်ဖြစ်သည်။

## အခန်း(၄)

## အထွေထွေ

၁၁။ လွှတ်တော်ကိုယ်စားလှယ်များသည် သက်ဆိုင်ရာ လွှတ်တော်တွင် သဘာပတိ သို့မဟုတ် ဥက္ကဋ္ဌ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီးသည့် အချိန်မှစ၍ လည်းကောင်း၊ ဦးစီးအဖွဲ့ဝင်များသည် သက်ဆိုင်ရာ ဦးစီးအဖွဲ့ ဥက္ကဋ္ဌ၏ ရှေ့မှောက်တွင် ကတိသစ္စာပြုပြီးသည့် အချိန်မှစ၍ လည်းကောင်း ဤဥပဒေပါ ချီးမြှင့်ငွေနှင့်စရိတ်များကို ခံစားခွင့်ရှိစေရမည်။

၁၂။ လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များ၏ ချီးမြှင့်ငွေနှင့် စရိတ်များအတွက် သက်ဆိုင်ရာ ဘဏ္ဍာရန်ပုံငွေတွင် ခွဲဝေသတ်မှတ်ထားရှိရမည်။

၁၃။ လွှတ်တော်ကိုယ်စားလှယ်နှင့် ဦးစီးအဖွဲ့ဝင်များသည် -

(က) သက်တမ်းကာလအပြည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ပါက မိမိရရှိသော လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ခ) အပြစ်တစ်စုံတစ်ရာမရှိဘဲ သက်တမ်းကာလမပြည့်မီ ကျန်းမာရေးချို့ယွင်းခြင်းကြောင့် ဆက်လက် တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိလျှင်ဖြစ်စေ၊ သက်တမ်းတစ်ခုတွင် လစ်လပ်

နေရာအတွက်သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေအရ သော်လည်းကောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေအရ သော်လည်းကောင်း ရွေးကောက်တင်မြှောက်ခြင်း သို့မဟုတ်တာဝန်ပေးအပ်ခြင်းကြောင့် တာဝန်ထမ်းဆောင်ရလျှင်ဖြစ်စေ ယင်းတာဝန် ထမ်းဆောင်သည့် ကာလအတွက် မိမိရရှိသော လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော နိုင်ငံရေးပင်စင်ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ဂ) သက်တမ်းကာလမပြည့်မီ ကွယ်လွန်ပါက ယင်းတာဝန်ထမ်းဆောင်သည့် ကာလတွင် ရရှိခဲ့သော လစဉ်ချီးမြှင့်ငွေကို အခြေခံ၍ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်သည့် တစ်လုံးတစ်ခဲတည်းသော မိသားစု နိုင်ငံရေးပင်စင် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

(ဃ) နိုင်ငံရေးပင်စင် တစ်ရပ်ထက် ပို၍ခံစားခွင့်ရှိသူဖြစ်ပါက ယင်းတို့အနက် မိမိနှစ်သက်ရာ တစ်မျိုးတည်းကိုသာ ခံစားခွင့်ရှိသည်။

၁၄။ ဤဥပဒေအရ ခံစားခွင့်ပြုသည့် ဝင်ငွေအရပ်ရပ်အပေါ် ဝင်ငွေခွန်ကောက်ခံခြင်းမှ ကင်းလွတ်စေရမည်။

၁၅။ ဤဥပဒေကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းသည့် ပြည်ထောင်စုလွှတ်တော်က ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်း ပြုလုပ်နိုင်သည်။ပြည်ထောင်စုလွှတ်တော်က ရုပ်သိမ်းခြင်း မပြုလုပ်သရွေ့ ဤဥပဒေသည် အတည်ဖြစ်သည်။

၁၆။ ပြည်ထောင်စုလွှတ်တော် နာယကသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်း၍ လိုအပ်သော စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ